“ပေါက်ဖော်ချစ်ကြည်ရေး”

# တရုတ်နိုင်ငံဆေးကုသရေးအဖွဲ့သည် မြန်မာနိုင်ငံမှ အတွင်းတိမ်လူနာ(၂၀၀)ဦးကို မျက်စိပြန်လည်ကောင်းမွန်အောင် ဆေးကုသပေးခဲ့

“ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်။”ဟူ၍ မြန်မာနိုင်ငံဝမ်းတွင်းမြို့မှ အသက်(၉၀) အဖွားဒေါ်ခင်ကြည်က မျက်စိအပေါ်မှာ ဖုံးထားသောဇာကို ဖြုတ်လိုက်ပြီး မျက်စိပြန်လည်မြင်လာသောအခါပြောကြားခဲ့သည်။ အဖွားသည် တရုတ်ဘာသာစကားဖြင့် ဆရာဝန်များထံ ကျေးဇူးတင်စကားပြောခဲ့သည်။ အဖွားသည် အတွင်းတိမ်ကြောင့် မျက်မမြင်လုနီးပါးဖြစ်ခဲ့ပြီး မိမိအသက်ရှိနေစဉ်အတွင်းမျက်စိပြန်မြင်နိုင်လိမ့်မည်ဟုလည်းမထင်မှတ်ခဲ့သဖြင့်ယခု အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။

နိုဝင်ဘာလ(၁၉)ရက်နေ့က “‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ရေမြေခြားတရုတ်များ ချစ်ခြင်းမေတ္တာဖြန့်ဝေရေးလှုပ်ရှားမှု”မှ မြန်မာနိုင်ငံတွင် ပြန်လည်မျက်မြင်ဆေးကုသမှု ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းထီးဆောင်းမျက်စိအထူးကုဆေးရုံတွင် ကျင်းပခဲ့သည်။ တရုတ်နိုင်ငံ အိုက်အောမျက်စိအထူးကုဆေးကုသရေးအဖွဲ့သည် မြန်မာနိုင်ငံအတွင်းတိမ်လူနာ(၂၀၀)ဦးကို မျက်စိပြန်လည်မြင်နိုင်အောင် ဆေးကုသပေးခဲ့သည်။

ယခုအကြိမ် မြန်မာနိုင်ငံတွင် အတွင်းတိမ်ခွဲစိတ်မှုများ ဆောင်ရွက်ရန် ကူမင်းအိုက်အော မျက်စိအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများကို ရွေးချယ်ခေါ်ဆောင်ခဲ့ပြီး ဆရာဝန်(၆)ဦးဖြင့် ဆေးကုသမှုအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။ သူတို့သည် နိုင်ငံတကာဆေးကုသမှု ထောက်ပံ့ရေးလှုပ်ရှားမှုများတွင် အကြိမ်ကြိမ်ပါဝင်ခဲ့သည့်အတွက် အတွေ့အကြုံများရှိပြီး မြန်မာနိုင်ငံ လူနာများ၏ ယုံကြည်စိတ်ချမှုများနှင့် ချီးမွမ်းခြင်းများကိုရရှိခဲ့သည်ဟု အိုက်အောမျက်စိအထူးကုဆေးရုံ အဖွဲ့အစည်းမှ ဒုအတွင်းရေးမှူးဖုံကျိုခွမ်က ပြောကြားခဲ့သည်။

“အိုက်အော မျက်စိအထူးကုဆေးရုံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးမျက်စိဆေးရုံဖြစ်ပြီး ထီးဆောင်းမျက်စိအထူးကုဆေးရုံသည်လည်း မြန်မာနိုင်ငံ၏ အကြီးဆုံးမျက်စိအထူးကု ဆေးရုံဖြစ်သည်။ နောက်တွင် နှစ်ဦးနှစ်ဖက်မှပူးပေါင်းဆောင်ရွက်မှုများ ပိုမိုများပြားလာနိုင်ပြီး လူနာများအတွက် ပြန်လည်မျက်မြင်အောင်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ပါစေ။”ဟု မန္တလေးထီးဆောင်းမျက်စိအထူးကုဆေးရုံမှ ဆေးရုံမှူးဦးဝင်းတာကတရုတ်နိုင်ငံမှ ဆေးကုသမှုအဖွဲ့အစည်းကို ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယခုအကြိမ်လှုပ်ရှားမှုသည် အိုဗာစီးတရုတ်အဖွဲ့အစည်း၊ မြန်မာနိုင်ငံအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၊ နဝမကြိမ်မြောက် မြန်မာမြေဖွား ပင်လယ်ရပ်ခြားရောက် ပေါက်ဖော်သွေးချင်းများ ပြန်လည်တွေ့ဆုံပွဲအခမ်းအနားပွဲတော်ဖြစ်မြောက်ရေးကော်မတီ၊ အိုဗာစီးတရုတ်အဖွဲ့အစည်း၊ ယူနန်အိုဗာစီးတရုတ်အဖွဲ့အစည်း၊ အိုက်အောမျက်စိအထူးကုအဖွဲ့အစည်း၊ အိုဗာစီးတရုတ်အဖွဲ့အစည်းချစ်သူများအဖွဲ့၊ မန္တလေးထီးဆောင်းမျက်စိအထူးကုဆေးရုံမှ အတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ အိုက်အောမျက်စိအထူးကုသည် “မဲခေါင်မြစ်ဝှမ်းအလင်းရောင်ခရီးစဉ်”နှင့် “‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ရေမြေခြားတရုတ်များ ချစ်ခြင်းမေတ္တာဖြန့်ဝေရေးလှုပ်ရှားမှု”မှ ရွေးချယ်ထားသော ဆေးကုသမှုအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံသို့(၄)ကြိမ်လာရောက် ကုသခဲ့ခြင်းဖြစ်သည်။ လူနာပေါင်း(၁၀၀၀)နီးပါး ပြန်လည်မျက်မြင်နိုင်ခဲ့သည်။

“‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ရေမြေခြားတရုတ်များ ချစ်ခြင်းမေတ္တာဖြန့်ဝေရေးလှုပ်ရှားမှု”သည် အိုဗာစီးတရုတ်အဖွဲ့အစည်းမှဦးဆောင်ပြီး အိုဗာစီးတရုတ်များရံပုံငွေအဖွဲ့အစည်းနှင့် အိုက်အော မျက်စိအထူးကုဆေးရုံအဖွဲ့အစည်းမှ ပူးပေါင်းဆောင်ရွက်သော ပရဟိတလုပ်ဆောင်မှုဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းမှ တရုတ်များအတူလက်တွဲကာ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တစ်လျှောက်နိုင်ငံမှ ဆင်းရဲသော မျက်စိဒုက္ခသည်များအတွက် မေတ္တာဖြင့်ခွဲစိတ်ပေးကာ ပြန်လည်မျက်မြင်အောင် ကူညီကုသခြင်းဖြစ်သည်။ အဆိုပါလှုပ်ရှားမှုသည် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ မလေးရှားစသော နိုင်ငံများတွင်လည်း ကျင်းပရန်စီစဉ်လျက်ရှိပြီး “ပြည်သူ့စိတ်ချင်းနီးစပ်စေ”လှုပ်ရှားမှု အကောင်အထည်ဖော်ရန် ကြိုးစားနေပါသည်။

သတင်းထောက် လောယုံချန်



တရုတ်နိုင်ငံ အထူးကုဆရာဝန်များ လူနာများအတွက် ကုသစစ်ဆေးနေပုံ



တရုတ်နိုင်ငံဆရာဝန်များသည် မျက်စိခွဲစိတ်ပြီးနောက် ပြန်လည်ဆေးစစ်လာသောလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ခြင်းများ ကောင်းမွန်ကြောင်း လက်မထောင်ကာအားပေးနေပုံ

# “ယူနန်ပြည်ရောက် နိုင်ငံခြားသား”

အယ်ဒီတာအညွှန်း

ယခုရက်ပိုင်းတွင် ၂၀၁၇ခုနှစ် ယူနန်ပြည်နယ်နိုင်ငံခြားပါရဂူများအတွက် “ရောင်စုံယူနန်ဆု” ဆုချီးမြှင့်ပွဲကို ယူနန်ပြည်နယ်အစိုးရက ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ ယူနန်ပြည်နယ်တွင် အလုပ်လုပ်နေသော နိုင်ငံခြားပါရဂူ(၁၀)ဦးအား “ရောင်စုံယူနန်ဆု”ကို ချီးမြှင့်ပေးသည်။

“ရောင်စုံယူနန်ဆု”သည် ၁၉၉၇ခုနှစ်တွင်စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ယူနန်ပြည်နယ်အစိုးရက ယူနန်ပြည်နယ်တွင် အလုပ်လုပ်ပြီး ယူနန်ပြည်နယ်အတွက် အထောက်အပံ့များ ပြုလုပ်ပေးသော နိုင်ငံခြားပါရဂူများအား ချီးမြှင့်သည့် အမြင့်မားဆုံးဆုတံဆိပ်ဖြစ်သည်။ ဤကော်လံတွင်ဆက်လက်ပြီး ယူနန်ပြည်နယ်တွင်အလုပ်လုပ်နေသော နိုင်ငံခြားပါရဂူများ၏ ပုံပြင်များကို တင်ဆက်ပြသကာနိုင်ငံခြားပါရဂူများနှင့် ယူနန်ပြည်နယ်၏ရေစက်ဆုံပုံကို စိတ်ဝင်စားဖွယ်ဖော်ပြသွားမည်ဖြစ်သည်။

# ဘရိုင်ယန် လင်တိမ်း (Brian Dale Linden)—— တရုတ်ရိုးရာယဉ်ကျေးမှု ဖြန့်ဝေရေးသမား

တရုတ်နိုင်ငံတော်ကောင်စီနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့တို့ချီးမြှင့်သော “တရုတ်နိုင်ငံတွင် သြဇာအရှိဆုံးနိုင်ငံခြားသား(၁၀)ဦး” ဆုတံဆိပ်၊ အမေရိကန်မှချီးမြှင့်သော “အမေရိကန်နိုင်ငံမှ ထူးချွန်လုပ်ငန်းဆု”များ ရရှိခဲ့သော အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်သမိုင်းဌာနပါမောက္ခဒေါက်တာဘရိုင်ယန်လင်တိမ်းသည် ၁၉၈၅ခုနှစ်မှစ၍ တရုတ်နိုင်ငံအခြေစိုက်အမေရိကန် ကိုလံဘီယာအသံလွှင့်ကုမ္ပဏီမှ သတင်းထောက်အနေနှင့် တရုတ်နိုင်ငံကို ရောက်ရှိခဲ့ပြီး ယူနန်ပြည်နယ်နှင့် ရေစက်များဆုံခဲ့ပါသည်။

တာ့လီပိုင်တိုင်းရင်းသားများ၏ ရိုးရှင်းသောတည်းခိုခန်းသည် သူ၏စာအရေးအသား ကောင်းမွန်ခြင်းကြောင့် ကမ္ဘာအနှံ့မှ လူသားများကြိုက်နှစ်သက်သော “ရှိလင်ယန်တည်းခိုခန်း” ဖြစ်ခဲ့သည်။ တာ့လီရှိကျိုးတွင် အနှစ်(၁၀)ကျော်နေထိုင်ခဲ့ပြီး ပိုင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့်လက်မှုပညာများကို ထိန်းသိမ်းရန်နှင့်ဖြန့်ဝေရန် ဘရိုင်ယန်လင်တိမ်းက ဒေသခံများနှင့်အတူ တိုင်းရင်းသားရိုးရာအစဉ်အလာများခံစားနိုင်သော လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်။

ဘရိုင်ယန်လင်တိမ်းသည် နယ်ပယ်အသီးသီးမှ လူငယ်လူတော်များကို ဒေသခံသို့ ပို့ဆောင်ခဲ့သည်။ ၎င်းတို့သည် တရုတ်ပြည်တွင်းပြည်ပ နာမည်ကြီးသော အထက်တန်းတက္ကသိုလ်ကျောင်း၏ စွမ်းဆောင်ရည်မြင့်သော လူ(၄၀)များအပါအဝင်ဖြစ်သည်။ ဆွီဒင်နိုင်ငံအစိုးရနှင့် ပူးပေါင်းကျင်းပသော လုပ်ငန်းအဖွဲ့၏တာဝန်များအစည်းအဝေးတွင် ဆွီဒင်နိုင်ငံနှင့် တရုတ်နိုင်ငံမှနိုင်ငံတကာလုပ်ငန်းအဖွဲ့၏ ခေါင်းဆောင်(၆၅)ဦးကို တာ့လီမြို့သို့ အစည်းအဝေးတက်ရောက်ရန်ဖိတ်ခေါ်ခဲ့ပြီး ဗာဂျီးနီးယားနည်းပညာတက္ကသိုလ်၊ အမေရိကန်အစိုးရကိုယ်စားလှယ်တို့အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများ ဆွေးနွေးခဲ့ကြသည်။

“တရုတ်ယဉ်ကျေးမှုသည် လူသားယဉ်ကျေးမှုအဖွဲ့အစည်းတွင် တန်ဖိုးကြီးသောရတနာတစ်ပါးဖြစ်သည်။ ကျွန်တော်ရှိလင်ယန်စင်တာထူထောင်ခြင်း၏ ရည်ရွယ်ချက်မှာလည်းတရုတ်ရိုးရာ ယဉ်ကျေးမှုကို တိုးတက်အောင်ထိန်းသိမ်းနိုင်ရန်နှင့် ကမ္ဘာ့အနှံ့မှလူသားများအား တရုတ်နိုင်ငံအကြောင်းကို ပိုမိုသိကျွမ်းစေရန်ဖြစ်သည်။”ဟုဆိုသည့်အတိုင်း ပါမောက္ခကြီးဘရိုင်ယန်လင်တိမ်းက ယူနန်ပြည်နယ်တွင်အလုပ်လုပ်သော (၁၄)နှစ်ကာလအတွင်းတွင် သူ၏အတွေ့အကြုံများ၊ ဗဟုသုတများဖြင့် ယူနန်ပြည်နယ်နှင့်တာလီ၏အလှကို ကမ္ဘာအနှံ့သို့မိတ်ဆက်ဖြန့်ဝေခဲ့ပြီး သူ၏အရေးအသားများဖြင့် လူ့ဘဝအတွက် ကဗျာနှင့်ရသများကို ရေးသားခဲ့ပါသည်။